Commissioner for Children and Young People
Western Australia



# ထုတ်ဖော်ပြောဆိုရေး စစ်တမ်း

## မိဘများ/ပြုစုစောင့်ရှောက်သူများအတွက် သတင်းအချက်အလက်များ (Year 4 မှ Year 6 အထိ)



Children and Young People (ကလေးများနှင့် လူငယ်လေးများ) အတွက် ကော်မရှင်နာသည် WA (အနောက်သြစတြေးလျ) တစ်ခွင် ကျောင်းများရှိ Year 4 မှ Year 12 အထိ ကျောင်းသားများ၏ သုခချမ်းသာအပေါ် သက်ရောက်သည့် ကိစ္စရပ်များအပေါ် ကျောင်းသားများ၏အမြင်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် ဖိတ်ခေါ်လျက်ရှိပြီး သင့်ကလေးကို ပါဝင်စေလိုပါသည်။

### ကော်မရှင်နာက မည်သူနည်း။

Jacqueline McGowan-Jones သည် Children and Young People အတွက် ကော်မရှင်နာ ဖြစ်သည်။ ကော်မရှင်နာသည် WA ရှိ ကလေးများနှင့် လူငယ်လေးများအားလုံး၏ သုခချမ်းသာ တိုးတက်ကောင်းမွန်လာစေရန် အလုပ်လုပ်ပါသည်။

### ကျွန်ုပ်၏ကလေးကို မည်သည့်အရာများ လုပ်ဆောင်ရန် တောင်းဆိုမည်နည်း။

သင့်ကလေးက ပါဝင်ရန် ရွေးချယ်လျှင် 30 မိနစ်မှ 45 မိနစ်အထိ ကြာမြင့်နိုင်သော စစ်တမ်းတစ်ခုကို တက်ဘ်လက်ဖြင့် ပြီးမြောက်အောင် ဖြေဆိုရမည်။ စစ်တမ်းကို ကျောင်းစာသင်ချိန် တစ်ချိန်ချိန်အတွင်း၌ ပြုလုပ်မည်ဖြစ်သည်။

ကလေး၏ နောက်ကြောင်းရာဇဝင်နှင့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ မိသားစု၊ သူငယ်ချင်းဆက်ဆံရေးများ၊ ကျောင်း၊ အားကစားနှင့် အခြား လူမှုအသိုင်းအဝိုင်းလှုပ်ရှားမှုများ၌ ပါဝင်ဆောင်ရွက်မှုတို့ကဲ့သို့သော ကလေး၏ သုခချမ်းသာတို့နှင့်စပ်လျဉ်းသည့် မေးခွန်းများကို သင့်ကလေးအား မေးမြန်းမည်။ မေးမြန်းမှု၌ပါဝင်မည့် ပို၍အသေးစိတ်ကျပြီး တစ်ခါတစ်ရံ ထိရှလွယ်သည့် ကိစ္စရပ်အချို့တွင် ကိုယ်အလေးချိန်နှင့် အစာအာဟာရ၊ ခံစားချက်များနှင့် စိတ်ခံစားမှုများ၊ အနိုင်ကျင့်ခြင်းတို့ ပါဝင်သည်။

မေးခွန်းအားလုံးကို မိမိဆန္ဒအတိုင်းသာ တုံ့ပြန်နိုင်ပြီး ကလေးများသည် ၎င်းတို့ကို မဖြေဆိုလိုလျှင် မဖြေဆိုဘဲ နေနိုင်မည်ဖြစ်သည်။ သင့်ကလေး၏ အမည် သို့မဟုတ် အခြားသက်သေခံအချက်အလက်တစ်ခုခုကို မေးမြန်းမည်မဟုတ်ပါ၊ ထို့ကြောင့် ဤစစ်တမ်းအဖြေများမှတစ်ဆင့် ကလေးတစ်ဦးချင်းစီကို ဖော်ထုတ်သတ်မှတ်ရန်မှာ ဖြစ်နိုင်မည်မဟုတ်ပေ။

ကော်မရှင်နာ၏ရုံးမှ ဝန်ထမ်းများသည် လိုအပ်လျှင် သင့်ကလေး စစ်တမ်းပြီးမြောက်အောင် ဖြေဆိုနိုင်ရန် အကူအညီပေးမည်ဖြစ်သည်။ ကော်မရှင်နာ၏ ဝန်ထမ်းအားလုံးတွင် Working with Children Checks (ကလေးများနှင့် ထိစပ်အလုပ်လုပ်ခြင်းဆိုင်ရာ ထောက်လှမ်းစစ်ဆေးခံရမှုများ) ရှိကြသည်။ ဆရာ/မတစ်ဦးသည်လည်း ကလေးများကို ကူညီကြီးကြပ်ပေးမည်ဖြစ်သည်၊ သို့သော် ၎င်းတို့သည် မည်သည့်မေးခွန်းအတွက်မဆို ကလေးများ၏ မည်သည့်တုံ့ပြန်ဖြေဆိုမှုကိုမျှ ဖတ်ရှုခွင့်ရမည်မဟုတ်ပါ။

စစ်တမ်းမေးခွန်းတစ်ခုခုကို ဖြေဆိုရခြင်းကြောင့် ကလေးအတွက် ပြဿနာများ ဖြစ်ပေါ်လာလျှင် သို့မဟုတ် ကလေး ဝမ်းနည်းသွားလျှင် ကော်မရှင်နာ၏ ဝန်ထမ်းများသည် ကလေးအား စစ်တမ်းကို ရပ်တန့်လိုက်ရန် အကြံပေးမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသော အရွယ်ရောက်ပြီးသူတစ်ဦး (ဥပမာ- မိဘတစ်ဦး သို့မဟုတ် ဆရာ/မတစ်ဦး) နှင့် ပြောဆိုဆွေးနွေးရန် တိုက်တွန်းအားပေးမည်ဖြစ်သည်။ ပါဝင်ဆောင်ရွက်သူများအားလုံးအား Kids Helpline (ကလေးများအတွက် အကူအညီဖုန်းလိုင်း) သို့မဟုတ် Beyond Blue (စိတ်ကျန်းမာရေးနှင့် သုခချမ်းသာရေးရာ ပံ့ပိုးကူညီရေးအဖွဲ့အစည်း) ကဲ့သို့သော အကူအညီဝန်ဆောင်မှုများ၏ စာရင်းပါဝင်သည့် ကတ်တစ်ခုကို ပေးအပ်ထားမည်ဖြစ်သည်။

## ကျွန်ုပ်က ယခု မည်သည့်အရာကို လုပ်ဆောင်ရန် လိုအပ်သနည်း။

ပါဝင်မည်၊ မပါဝင်မည်ကို ဆုံးဖြတ်ရန်မှာ သင်နှင့် သင့်ကလေး၏ သဘောဆန္ဒအတိုင်း ဖြစ်သည်။ သင်သည် လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန် အပြည့်အဝ လွတ်လပ်ခွင့်ရှိသည်။ သင် ဆုံးဖြတ်လိုက်သည့်အရာသည် သင့်ကလေး၏ အဆင့်များ၊ သင်၏ ဆရာ/မများ သို့မဟုတ် ကျောင်းနှင့် သဟဇာတဖြစ်နေမှုအပေါ် သက်ရောက်မည်မဟုတ်ဘဲ အစိုးရနှင့် ကော်မရှင်နာသည် သင့်ရွေးချယ်မှုကို သိရမည်မဟုတ်ပါ။

သင့်ကလေးကို ကော်မရှင်နာထံမှ သတင်းအချက်အလက်များ ပေးအပ်ထားမည်ဖြစ်ပြီး ယင်းအချက်အလက်များကို သင့်ကလေးနှင့်အတူ ဆွေးနွေးထားရန် သင့်အား ကျွန်ုပ်တို့ အကြံပြုပါသည်။

သင်နှင့် သင့်ကလေးက ၎င်းအချက်အလက်များနှင့်ပတ်သက်၍ ပါဝင်ရန် စိတ်ကျေနပ်လျှင် သင်သည် မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် မလိုပါ။ စစ်တမ်းအတွက် ကော်မရှင်နာ၏ ဝန်ထမ်းများ ကျောင်းသို့လာသော နေ့တွင် သင့်ကလေးအား ပါဝင်ရန် ဖိတ်ကြားမည်ဖြစ်သည်။

သင့်ကလေးက ထိုနေ့တွင် စစ်တမ်းမဖြေဆိုလိုလျှင်လည်း အဆင်ပြေပါသည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုခြင်းမရှိသော မည်သည့်ကလေးကိုမဆို စစ်တမ်းနှင့်မသက်ဆိုင်သည့် အခြားလှုပ်ရှားမှုတစ်ခုခု ပေးထားမည်ဖြစ်သည်။

**သင်က သင့်ကလေးကို မပါဝင်စေလိုလျှင်-**

သင့်ကလေးကို မပါဝင်စေချင်ရင်၊ ကျေးဇူးပြု၍ ဖြည့်စွက်ပြီး အောက်ပါစာမျက်နှာကို လက်မှတ်ရေးထိုးပြီး စစ်တမ်းရက်စွဲမတိုင်မီ သုံးရက်ထက် နောက်မကျစေဘဲ သင့်ကလေး၏ကျောင်းသို့ ပြန်လည်ပေးပို့ပါ။

နောက်မကျဘဲ တတ်နိုင်သမျှ အမြန်ဆုံး ပြန်လည်ပေးပို့ပါ

## သတင်းအချက်အလက်များကို မည်သည့်အတွက် အသုံးပြုမည်နည်း။

ထုတ်ဖော်ပြောဆိုရေး စစ်တမ်းသည် Children and Young People အတွက် ကော်မရှင်နာ၏ ပဏာမခြေလှမ်း ဖြစ်သည်။ ကျောင်းသားများ၏ အမြင်များကို ကလေးများနှင့် လူငယ်လေးများ၏ သုခချမ်းသာအကြောင်း ထုတ်ဝေမှုများတွင် ပါဝင်မည်ဖြစ်ပြီး ၎င်းတို့ကို ကော်မရှင်နာက ကလေးများနှင့် ကလေးများ၏မိသားစုများအတွက်ဖြစ်သော မူဝါဒများနှင့် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရန် ကူညီပေးမည့် အစိုးရနှင့် အခြားအဖွဲ့အစည်းများထံသို့ ပေးပို့ပါသည်။ ၎င်းတို့ကို ကော်မရှင်နာ၏ နှစ်စဉ်အစီရင်ခံချက်၊ အီလက်ထရွန်နစ် သတင်းလွှာများနှင့် ဝက်ဘ်ဆိုဒ်တို့ပါဝင်သော ထုတ်ဝေမှုများတွင်လည်း အသုံးပြုနိုင်သည်။ ထုတ်ဖော်ပြောဆိုရေး စစ်တမ်းကို အမည်ဝှက်ပြီး လျှို့ဝှက်ထားရှိသည်။

## စစ်တမ်း စီမံအုပ်ချုပ်မှု

- ထုတ်ဖော်ပြောဆိုရေး စစ်တမ်းကို *the department of Education* က ထောက်ခံခွင့်ပြုထားသည်။
- သတင်းအချက်အလက်များအားလုံးကို ကောင်မရှင်နာက လုံခြုံစိတ်ချရစွာ သိမ်းဆည်းထားမည်ဖြစ်ပြီး ကော်မရှင်နာ၏ ကန့်သတ်ထားသော ဝန်ထမ်းများကသာ ကြည့်ရှုသုံးစွဲနိုင်သည်။
- ပရောဂျက်၏အဆုံးတွင် အနှစ်ချုပ်အစီရင်ခံချက်တစ်ခုကို ထုတ်ဝေမည်ဖြစ်သည်။ ဥပမာအနေဖြင့် ကော်မရှင်နာ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော ccyp.wa.gov.au ရှိ https://www.ccyp.wa.gov.au/media/4758/speaking-out-survey-2021-summary-report.pdf ကို ကိုးကားပါ

## ထပ်ဆောင်း သတင်းအချက်အလက်များရနိုင်ရန် မည်သူ့ထံ ကျွန်ုပ် ဆက်သွယ်နိုင်သနည်း။

အကယ်၍ သင်သည် စစ်တမ်းကို မည်သို့ဆောင်ရွက်မည်အကြောင်း တစ်စုံတစ်ဦးအား ပြောဆိုလိုပါက၊ ပိုမိုသိရှိလိုပါက သင့်ကျောင်းညှိနှိုင်းရေးမှူးထံ ဆက်သွယ်ပါ။

Children and Young People WA အတွက် ကော်မရှင်နာ၏ ဝန်ထမ်းများသည် စစ်တမ်းအကြောင်း သင်၏မေးခွန်းများအားလုံးကို ကူညီဖြေဆိုပေးနိုင်ပါသည်။ ၎င်းတို့ထံသို့ (08) 6213 2204 မှတစ်ဆင့် ဖုန်းခေါ်နိုင်ပါသည် သို့မဟုတ် research@ccyp.wa.gov.au သို့ အီးမေးလ် ပို့နိုင်ပါသည် သို့မဟုတ် အောက်ပါ ဖုန်းနံပါတ်နှင့် အီးလ်မေးတို့မှတစ်ဆင့် Western Australian Aboriginal Health Ethics Committee (အနောက်သြစတြေးလျ အဘိုရီဂျယ်နယ် ကျန်းမာရေးကျင့်ဝတ်ကော်မတီ)၊ WAAHEC လူသားသုတေသနကျင့်ဝတ်အရာရှိ ထံ ဖုန်းခေါ်၊ အီးမေးလ် ပို့နိုင်ပါသည်- ဖုန်း- (08) 9227 1631 အီးမေးလ်- ethics@ahcwa.org

ထုတ်ဖော်ပြောဆိုရေး စစ်တမ်းအကြောင်း သို့မဟုတ် ကောင်မရှင်နာ၏ အလုပ်များအကြောင်း ပိုမိုဖတ်ရှုလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ် ccyp.wa.gov.au သို့ ဝင်ရောက်ကြည့်ရှုပါ သင်၏ ပံ့ပိုးကူညီမှုအတွက် ကျေးဇူးတင်ပါသည်။

Commissioner for Children and Young People
Western Australia



# မိဘများ/ပြုစုစောင့်ရှောက်သူများ၏ ခွင့်မပြုရေးဖောင်

## ထုတ်ဖော်ပြောဆိုရေး စစ်တမ်း

ကျွန်ုပ်သည် စစ်တမ်းအကြောင်း သတင်းအချက်အလက်များကို ဖတ်ရှုပြီး နားလည်ပါသည် သို့မဟုတ် ကျွန်ုပ်အား ရှင်းပြထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏ကလေးက မဖြစ်မနေ ပါဝင်ရန် မလိုသည်ကို ကျွန်ုပ် နားလည်ပါသည်။

ကျွန်ုပ်သည် ဤစစ်တမ်းအကြောင်း ကျွန်ုပ်၏ကလေးနှင့် ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။

### စစ်တမ်းတွင် ကျွန်ုပ်၏ကလေး ပါဝင်ရန် ခွင့်မပြုရေးဖောင်

**စစ်တမ်းတွင် ကျွန်ုပ်၏ကလေး ပါဝင်ရန် ကျွန်ုပ် ခွင့်ပြုချက် မပေးပါ-**

ကလေး၏အမည်အပြည့်အစုံ (အပြည့်အစုံ စာလုံးကြီးဖြင့်)- ________________________________

မိဘ/ပြုစုစောင့်ရှောက်သူ၏အမည် (အပြည့်အစုံ စာလုံးကြီးဖြင့်)- ________________________________

မိဘ/ပြုစုစောင့်ရှောက်သူ၏ လက်မှတ်- ________________________________

ယနေ့ ရက်စွဲ- ________________________________

**ကျေးဇူးပြု၍ ဤဖောင်ကို သင့်ကလေး၏ကျောင်းသို့ ပြန်လည်ပေးပို့ပါ။**